PAUNG SIE FACILITY

# စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်း (MEL)

## - ပေါင်းစည်းလုပ်ငန်းအဖွဲ့၏ လမ်းညွှန်

မိမိတို့၏ရင်းနှီးမြုပ်နှံမှုများနှင့်စီမံကိန်းများသည် လူမှုသဟဇာတဖြစ်စေခြင်းများအတွက် ပါဝင်အကျိုးပြုနေကြောင်း ပိုမိုသေချာစေရန် ပေါင်းစည်းလုပ်ငန်းအဖွဲ့သည် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်း ဆိုင်ရာ ၎င်း၏လုပ်နည်းလုပ်ဟန်များအားပြောင်းလဲမှုပြုလုပ်လျက်ရှိပါသည်။

ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင်ချိန်ညှိနိုင်ရန်နှင့် စီမံကိန်းများသည် ပြောင်းလဲမှုသို့ မည်သို့မည်ပုံ ပါဝင်အကျိုးပြုနေခြင်း ရှိ/မရှိ ကို တိကျခိုင်မာမှုပြည့်ဝစွာ ပြောပြနိုင်ရန်အတွက် အထောက်အကူပေးမည့် လုပ်နည်းလုပ်ဟန်တစ်ခုဖြစ်ကြောင်းဆိုလိုသည်။ မိတ်ဖက်အဖွဲ့အစည်းအားလုံးအတွက် MEL စနစ်အားလုံးနှင့် ကိုက်ညီသောစနစ်တစ်ခုဖြစ်မည်မဟုတ်သော်လည်း အောက်တွင်ဖော်ပြထားသည့် ယေဘုယျအဆင့်များအပေါ်တွင် အတူတကွနားလည်ထားသော ကတိကဝတ် တစ်ခုဖြစ်ရန် လိုအပ်ပါသည်။

စီမံကိန်း၏အကျဉ်းချုပ်မှတ်စု (သို့) အဆိုပြုလွှာအပြည့်အစုံ တင်သွင်းသည့်အဆင့်များတွင် မိတ်ဘက်အဖွဲ့အစည်းများက MEL ဆိုင်ရာလုပ်နည်းလုပ်ဟန်အသေးစိတ်အား ရေးဆွဲပြုစုပြီးဖြစ်ရန်မမျှော်လင့်ပါ၊ စီမံကိန်းတိုင်းတွင် ကနဦးကာလတစ်ခုရှိမည်ဖြစ်ပြီး သင့်တော်ကိုက်ညီသော MEL စနစ်တစ်ခုတည်ဆောက်ရေးဆွဲရန်အတွက် ပေါင်းစည်းလုပ်ငန်းအဖွဲ့က ၎င်းကာလတွင် အတူတကွဆောင်ရွက်ပေးနိုင်ပါသည်။ စီမံကိန်းအကျဉ်းချုပ်မှတ်စု (သို့) အဆိုပြုလွှာအပြည့်အစုံ တင်ပြခြင်းများတွင်မူအောက်ဖော်ပြပါအဆင့်များနှင့်ပါတ်သက်၍ စဉ်းစားတွေးတောထားမှုရှိကြောင်း သိသာထင်ရှားစေရန်ပြသပေးစေလိုပါသည်။

### ၁။ ကျိုးကြောင်းဆီလျော်သော ပြောင်းလဲမှုဆိုင်ရာသီအိုရီဖြင့် ရှင်းလင်းဖော်ပြပါ

**ပြောင်းလဲမှုများသည် မည်သို့မည်ပုံ အဘယ်ကြောင့်ဖြစ်ပေါ်လာနိုင်ကြောင်းရှင်းလင်းစွာဖော်ပြပါ၊** အဆိုပြုလွှာတင်သွင်းသူများအနေဖြင့် စီမံကိန်းအဖွဲ့နှင့် ပေါင်းစည်းလုပ်ငန်းအဖွဲ့ အတွင်းရှိ အထောက်အကူပြုလမ်းညွှန်များကို အသုံးပြုပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ပြောင်းလဲမှုဆိုင်ရာသီအိုရီတစ်ခု ရေးဆွဲပြုစုသင့်ပါသည်။ လက်တွေ့ဆန်၍စစ်မှန်မှုရှိပါစေ၊ အမှန်တစ်ကယ်ဖြစ်ပေါ်လာရန်ခက်ခဲသည့် စွန့်စားသောယူဆထားချက်များကိုရှောင်ကြဉ်ပါ၊ ပြဿနာရပ်တစ်ခုအပေါ်တွင် မည်သို့နားလည်ထားပုံနှင့် မည်သို့ကိုင်တွယ်ဖြေရှင်းမည်ဆိုသည်ကိုဖော်ပြရာတွင် ၎င်းပြောင်းလဲမှုဆိုင်ရာသီအိုရီသည် ပေါင်းစည်းလုပ်ငန်းအဖွဲ့၏ ဆက်စပ်လွှမ်းခြုံထားသောသီအိုရီနှင့်လျော်ညီအကျုံးဝင်မှုရှိသင့်ပြီး စမ်းသပ်ဆေးရာတွင် အထောက်အပံ့ဖြစ်စေသင့်သည်။

သင့်စီမံကိန်း၏ ပြောင်းလဲမှုဆိုင်ရာသီအိုရီကို ပါဝင်ပါတ်သက်သူများနှင့်အတူ မည်သို့စမ်းသပ်စစ်ဆေးမည်ကိုဖော်ပြပေးပါ၊ ကနဦးလုပ်ငန်းများနှင့် သုတေသနပြုခြင်းများမှတစ်ဆင့်ပြုလုပ်ခြင်းသည်အကောင်းဆုံးဖြစ်သည်၊ " မိမိတို့သည်လုပ်ငန်းများကိုကောင်းမွန်စွာဆောင်ရွက်နေသလား" နှင့် "ဆောင်ရွက်နေသောအရာများသည်မှန်ကန်မှုရှိသလား" ဆိုတာကို မေးခွန်းထုတ်ရန်အတွက် ပုံမှန်အစည်းအဝေးများပြုလုပ်ရန်အစီအစဉ်ဆွဲပါ၊ ပြောင်းလဲမှုဆိုင်ရာသီအိုရီပြန်လည်သုံးသပ်ခြင်းပုံစံ (ပြောင်းလဲမှုဆိုင်ရာသီအိုရီလမ်းညွှန်တွင်ကြည့်ရှုပါ) ဖြည့်စွက်ခြင်းကို အဆိုပါအစည်းအဝေးများတွင် ဆောင်ရွက်နိုင်သည်။

### ၂။ အဓိက စွမ်းဆောင်ရည်သတ်မှတ်ချက်များနှင့် စံနှုန်းအဆင့်များ ဖော်ထုတ်သတ်မှတ်ပါ

အဆိုပြုလွှာအပြည့်တင်သွင်းသည့်အဆင့်တွင် စီမံကိန်း၏ သတ်မှတ်ထားသောအဓိကကဏ္ဍများအတွက် ပိုမိုအသေးစိတ်သော MEL စနစ်တစ်ခုအား ပေါင်းစည်းလုပ်ငန်းအဖွဲ့၏ အကူအညီဖြင့် ရေးဆွဲပြုစုပါ၊ အရေးကြီးဆုံးသော အရာကို

ဖော်ထုတ်ပါ၊ မဖြစ်မနေဦးတည် အာရုံစိုက်ရမည်ဖြစ်သော လေ့လာသင်ယူခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်ပြင်ဆင်ခြင်း၊ ကျားမရေးရာတန်းတူညီမျှမှုရှိစေခြင်း၊ လူမှုအသိုက်အဝန်းအားလုံးပါဝင်စေရန်ထည့်သွင်း စဉ်းစားခြင်း စသည့်အရာများနှင့်အတူ စီမံကိန်းအောင်မြင်ခြင်းအတွက်အရေးကြီးသောအစိတ်အပိုင်းများကို အဓိကဦးတည်အာရုံစိုက်သင့်သည်၊ အဆိုပါနယ်ပယ်များ၏တိုးတက်မှုကို အကဲဖြတ်ဆန်းစစ်နိုင်မည့်စကေးလ် (အတိုင်းအတာ) သတ်မှတ်ရေးဆွဲပြုစုရန်အတွက် စီမံကိန်းတစ်ခုစီ၏ကနဦးကာလတွင် ပေါင်းစည်းလုပ်ငန်းအဖွဲ့မှ အတူတကွလုပ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းသည်အစီရင်ခံခြင်းကိုလေးနက်စေပြီး ပြုပြင်ပြောင်းလဲရန်လွယ်ကူခြင်းကိုထိန်းသိမ်း နိုင်မည်ဖြစ်သည်။

## ၃။ လေ့လာသင့်ယူခြင်းအတွက် မေးခွန်းများဖော်ထုတ်သတ်မှတ်ပါ

မိမိတို့သည် ညွှန်းကိန်းများပေါ်တွင်သာ အာရုံစိုက်နေခြင်းမျိုးမဖြစ်စေရန် စီမံကိန်း၏အကျိုးသက်ရောက်မှုနှင့် အခြေအနေများမည်သို့ပြောင်းလဲနေသည်တို့နှင့်ပါတ်သက်၍ စီမံကိန်းမှဖြေကြားလိုသော အဓိကမေးခွန်းများပြုစုသင့်သည်၊ စီမံကိန်းအကျိုးသက်ရောက်မှုနှင့်ပါတ်သက်ပြီး "မည်သည့်ပြောင်းလဲမှုကိုစီမံကိန်းမှပါဝင်အကျိုးပြုခဲ့ပါသလဲ" ဟူသည့်ပုံစံဖြင့်မေးပြီး၊ ပြဿနာကိစ္စရပ်များ/အခြေအနေများနှင့်ပါတ်သက်လျှင် "သင့်စီမံကိန်း(သို့)အခြားကိစ္စရပ်များကို ပိုမိုတိုးတက် ကောင်းမွန်စေရန် ပြဿနာကိစ္စရပ်များ/အခြေအနေများမှတစ်ဆင့် မည်သည့်အရာများကို လေ့လာသင်ယူခဲ့ပါသလဲ" ဟူသည့်ပုံစံဖြင့်မေးသည်။

အဆိုပါမေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် အရေအတွက် (သို့) အရည်အသွေးဆိုင်ရာ နည်းလမ်းများနှင့်အတူ ကိုယ်ပိုင်လေ့လာဆန်းစစ်ခြင်းပုံစံများကို အသုံးပြုမည်ဟုမျှော်လင့်ပါသည်၊ "သိသာထင်ရှားဆုံးပြောင်းလဲမှု" (Most Significant Change) ကဲ့သို့သော သင့်တော်သော နည်းလမ်းများကို အသုံးပြုနိုင်ရန်အတွက် ပေါင်းစည်းလုပ်ငန်းအဖွဲ့က ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

## ၄။ ကျားမတန်းတူညီမျှမှုရှိစေခြင်း၊ လူမှုအသိုက်အဝန်းအားလုံးပါဝင်စေရန်ထည့်သွင်းစဉ်းစားခြင်းနှင့် ပဋိပက္ခဖြစ်လွယ်မှုကို အလေးထားခြင်း(GESI) တို့အား ပေါင်းစပ်ပါဝင်စေခြင်း

သင့်စီမံကိန်း၏ ယေဘုယျရည်ရွယ်ချက်များနှင့်ချိတ်ဆက်ပြီး ကျားမရေးရာတန်းတူညီမျှမှုရှိစေခြင်းနှင့် လူမှုအသိုက်အဝန်းအားလုံးပါဝင်စေရန်ထည့်သွင်းစဉ်းစားခြင်းတို့နှင့်စပ်လျဉ်း၍ မည်သည့်အရာကိုအောင်မြင်စေရန် ရည်ရွယ်ထားကြောင်း ရှင်းရှင်းလင်းလင်းဖြစ်စေရန်အတွက် စီမံကိန်း၏ ပြောင်းလဲမှုဆိုင်ရာသီအိုရီရေးဆွဲပြုစုရာတွင် ၎င်းအရာများကိုထည့်သွင်းစဉ်းစားပါ၊ စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သင့်စီမံကိန်းအနေဖြင့် ကျား/မ၊ အသက်၊ မသန်စွမ်းဖြစ်မှုတို့အလိုက်ခွဲထားသော သတင်းအချက်အလက်များကောက်ယူကြောင်း သေချာ စေရမည်။ ထိုသို့ ကောက်ယူသည့်အတွက် သင့်စီမံကိန်းသည် အားလုံးပါဝင်စေရေးထည့်သွင်းစဉ်းစားမှုမည်မျှရှိနေသလဲဆိုသည်နှင့် ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သည့်နေရာများတွင် ပြုပြင်ပြောင်းလဲရန်လိုအပ်မည်လဲဆိုသည် ကိုသိရှိနိုင်မည်ဖြစ်သည်။ အကဲဖြတ်ဆန်းစစ်ခြင်းအစီအစဉ်အပါအဝင် MEL လုပ်ငန်းအားလုံးသည် ကျားမရေးရာတန်းတူ ညီမျှမှုမြှင့်တင်ခြင်း၊ အားလုံးပါဝင်စေရေးထည့်သွင်းစဉ်းစားခြင်း၊ ပါဝင်ဆောင်ရွက်စေခြင်းတို့အတွက်ရည်ရွယ်ပါ။ သင့်စီမံကိန်း၏လေ့လာသင်ယူခြင်းဆိုင်ရာ မေးခွန်းများတွင် GESI အားပေါင်းစပ်ထည့်ဝင်ပါ၊ စီမံကိန်းအစီအစဉ်များ ပိုမိုကောင်းမွန်စေရန်အတွက် ကျားမရေးရာအားပြိုင်မှုနှင့် ဖယ်ကျဉ်ထားသည့်အုပ်စုများအားချန်လုပ်ထားခြင်းတို့နှင့်ပါတ်သက်ပြီး မည်သည့်အရာများကိုလေ့လာသင်ယူလိုပါသလဲ။

မေးခွန်းများမေးရန်နှင့် အချက်အလက်များကောက်ယူလိုသည့် အကြိမ်များရှိနေမည်ဖြစ်သော်လည်း ပဋိပက္ခဖြစ်လွယ်မှုအား အလေးထားခြင်းနှင့်ဆက်နွယ်၍ အန္တရာယ်ကျရောက်စေခြင်းမျိုးမရှိရပါ (သို့) မရှိစေသင့်ပါ။ ဥပမာ- ၂၀၂၀ ရွေးကောက်ပွဲနီးလာသောအခါ အချက်အလက်များကောက်ယူခြင်းသည် ပို၍ထိခိုက်မှားယွင်းမခံသော အခြေအနေဖြစ်လာနိုင်သည်။ အချက်အလက်ကောက်ယူသူနှင့် ဖြေဆိုသူများအား နိုင်ငံရေးဆိုင်ရာတုံ့ပြန်မှုများ၏ အန္တရာယ်ကျရောက်နိုင်ချေ ရှိနေမည်ဖြစ်သည်။ MEL လုပ်နည်းလုပ်ဟန်များသည် လက်ရှိဖြစ်ပေါ်နေသော ဩဇာလွှမ်းမိုးအားပြိုင်မှုများနှင့် အမျိုးသမီးများနှင့်

အခြားသောဖယ်ကျဉ်ခံထားရသည့်အုပ်စုများအားချန်လှပ်ထားခြင်းတို့ကို အံတုနိုင်မည့် အားလုံးပါဝင်စေသည့် နည်းလမ်းများ ဖြစ်စေရန်လည်း အားထုတ်နိုင်ပါသည်။

## ၅။ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်းအတွက် ငွေကြေးလျာထားပါ

အရည်အသွေးမြင့်မားသော MEL အထောက်အပံ့များရရှိနိုင်ရန်အတွက် စီမံကိန်းဘတ်ဂျက်ရေးဆွဲရာတွင် လိုအပ်သော အရင်းအမြစ်များအတွက် ရှင်းလင်းစွာလျာထား သတ်မှတ်ထားသင့်သည်။ စီမံကိန်း၏ဆုံးဖြတ်ချက်ချခြင်းများတွင် ပါဝင်သက်ရောက်မည်ဖြစ်ရာ အရည်အသွေးပြည့်ဝသော MEL ဖြစ်စေရပါမည်။

ပေါင်းစည်းလုပ်ငန်းအဖွဲ့သည် ကာလရှည်စီမံကိန်းအတွက်ရံပုံငွေရရှိသည့် ဒေသခံအဖွဲ့အစည်းများကို ၎င်းစီမံကိန်းအတွက် MEL အရာရှိများခန့်ထားနိုင်ရေးအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ လက်ရှိ MEL လုပ်ငန်းစဉ်နှင့် အရင်းအမြစ်များ ရှိနေပြီးဖြစ်သောအဖွဲ့အစည်းများအား အခြားစီမံကိန်းများအတွက်ပါ ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်စေရေး ကြိုတင်လျာထားသော ရန်ပုံငွေများပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ ပေါင်းစည်းလုပ်ငန်းအဖွဲ့သည် သဘောတူထားသည့် အတိုင်း မရှိမဖြစ်ဟုယူဆသောပံ့ပိုးကူညီမှုများရရှိစေရန် သင်တန်းများနှင့်အထောက်အပံ့ပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

## ၆။ တိုင်းတာရန်အတွက် ရွေးချယ်ရမည့်အရာများ ဖော်ထုတ်သတ်မှတ်ပါ

ပြောင်းလဲမှုဆိုင်ရာသီအိုရီသို့ တိုးတက်မှုများ စုစည်းညွှန်ပြပေးနိုင်ရန်အတွက် သတင်းအချက်အလက်အမျိုးမျိုး လိုအပ်ပါသည်။

- **စောင့်ကြည့်လေ့လာခြင်းဆိုင်ရာအခြေခံအချက်အလက်များ၊** စောင့်ကြည့်လေ့လာခြင်းဆိုင်ရာအခြေခံအချက်အလက်များကောက်ယူရန်လိုအပ်ပါသည်၊ ၎င်းတွင် လုပ်ငန်းဆောင်ရွက်မှု၊ ပါဝင်သူများ ( ကျား/မ၊ အသက်၊ နှင့် အခြား သင့်တော်သည့် ဖယ်ကျဉ်ထားသည့်အုပ်စုများ အလိုက်ခွဲ၍) နှင့် မည်မျှရောက်ရှိပြီးစီးကြောင်း စာရင်းအပြည့်အစုံတို့ ပါဝင်ပါသည်။
- **ကျိုးကြောင်းဆက်နွယ်မှုပြမူဘောင်:** လိုက်လျောညီထွေပြုပြင်ပြောင်းလဲနိုင်သော စီမံကိန်းများဖြစ်စေရန် ပေါင်းစည်းလုပ်ငန်းအဖွဲ့က ကူညီပံ့ပိုးပေးမည်ဖြစ်သည်။ ပြောင်းလဲမှုဆိုင်ရာသီအိုရီ၊ လုပ်ငန်းဆောင်ရွက်မှု၊ စွမ်းဆောင်ရည်၊ လေ့လာသင်ယူမှုဆိုင်ရာ မေးခွန်းများအတွက်အဖြေများ စသည်တို့ကိုစောင့်ကြည့်သည့် ရှင်းလင်း မြင်သာသောနည်းလမ်းရှိနေမည်ဆိုပါက ပေါင်းစည်းလုပ်ငန်းအဖွဲ့အနေဖြင့် ကျိုးကြောင်းဆက်နွယ်မှုပြမူဘောင်(Logframe) အားအမြဲတမ်းမလိုအပ်ပါ၊ လုပ်ငန်းမစမီအခြေအနေနှင့် လုပ်ငန်းပြီးဆုံးချိန်အခြေအနေ ပါဝင်စေသည့် ကျိုးကြောင်းဆက်နွယ်မှုပြမူဘောင်တစ်ခုသည် သေချာစွာပြင်ဆင်ထားသည့် ပို၍ကြီးမားသော ကာလရှည်စီမံကိန်းများအတွက်သင့်တော်ပါသည်။ လုပ်ငန်းစွမ်းဆောင်ရည်ပိုမိုကောင်းမွန်စေမည့် လုပ်ငန်းစဉ်ဆိုင်ရာညွှန်းကိန်း(process indicators) များပါဝင်ခြင်းကိုလည်း ပေါင်းစည်းလုပ်ငန်းအဖွဲ့က လက်ခံမည်ဖြစ်ပါသည်။
- **လုပ်ငန်းစွမ်းဆောင်ရည်တိုင်းတာခြင်း:** သင့်စီမံကိန်း၏ လုပ်ငန်းစွမ်းဆောင်ရည်ကိုမည်သို့ တိုင်းတာမည်နှင့်လေ့လာသင်ယူမှုဆိုင်ရာမေးခွန်းများကို မည်သို့ဖြေဆိုမည်ဆိုသည်မှာ မည်သည့်နည်းလမ်းက အသင့်တော်ဆုံးဖြစ်သည်ဆိုသည့်အပေါ်တွင်မူတည်ပါသည်။ ၎င်းတွင် လေ့လာစူးစမ်းခြင်း၊ ပါဝင်သူများ၏တုံ့ပြန်မှု၊ စစ်တမ်းများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် ဦးတည်အုပ်စု ဆွေးနွေးခြင်းများ ပါဝင်နိုင်ပါသည်။
- **အထောက်အပံပေးသည့်အဆင့်မှ လိုအပ်ချက်များ:** ပေါင်းစည်းလုပ်ငန်းအဖွဲ့တွင် ၎င်း၏ကိုယ်ပိုင်ပြောင်းလဲမှုဆိုင်ရာသီအိုရီ၊ လေ့လာသင်ယူခြင်းမေးခွန်းများနှင့် ကျိုးကြောင်းဆက်စပ်ပြမူဘောင်ရှိပါသည်။ ၎င်းတို့အနက်မှ မည်သည့်အစိတ်အပိုင်းသည် သင့်စီမံချက်နှင့်ကိုက်ညီသင့်လျော်ဆုံးဖြစ်သည်နှင့် MEL လိုအပ်ချက်များကို မည်သို့စုစည်း သွားမည်ဆိုသည်ကို ကနဦးကာလ အပြန်အလှန်ပြောဆိုစဉ်တွင် ဆွေးနွေးသွားမည်ဖြစ်သည်။

## ၇။ ထိရောက်သော သတင်းအချက်အလက်စီမံခန့်ခွဲခြင်းကို ထင်ရှားစွာဖော်ပြပါ

ယုံကြည်စိတ်ချရသောသတင်းအချက်အလက်များရယူအစီရင်ခံနိုင်ရန်အတွက် သင့်စီမံကိန်းအနေဖြင့် ကောင်းမွန်သော သတင်းအချက်အလက်အရည်အသွေး၊ သိမ်းဆည်းမှုနှင့် အသုံးချမှုများကိုသေချာစေမည့် ပြည့်စုံစွာပြင်ဆင်ထားသော စနစ်တစ်ခုလိုအပ်မည်ဖြစ်ပါသည်။ အရိုးရှင်းဆုံးအားဖြင့် သတင်းအချက်အလက်များ ကောက်ယူသိမ်းဆည်းရန်အတွက် တိကျရှင်းလင်းသောနည်းလမ်းများရှိခြင်း၊ Excel ဇယားများအသုံးပြု၍ စောင့်ကြည့်လေ့လာခြင်းဆိုင်ရာအချက်အလက်နှင့် သတ်မှတ်ထားသောညွှန်းကိန်းများအား မျက်ခြေမပြတ်စောင့်ကြည့်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်၊ အကဲဖြတ်ဆန်းစစ်ခြင်း နှင့်လေ့လာသင်ယူခြင်းတို့နှင့်ပါတ်သက်သည့် အရည်အသွေးဆိုင်ရာအချက်အလက်များအား Word အသုံးပြုထားသည့်ပုံစံ များတွင် မှတ်တမ်းတင်ထားခြင်း တို့ ကိုဆိုလိုပါသည်။

## ၈။ MEL အား ဆုံးဖြတ်ချက်ချခြင်းနှင့် ဦးတည်ရာများပြန်လည်မွမ်းမံခြင်းတွင် ချိတ်ဆက်ခြင်း

ပေါင်းစည်းလုပ်ငန်းအဖွဲ့နှင့်စီမံကိန်းအဖွဲ့တို့ တစ်ဦးနှင့်တစ်ဦးသိရှိလက်ခံဆောင်ရွက်နိုင်ရေးအတွက် သတင်းအချက် အလက်ကောက်ယူခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့အတွက် ရှင်းလင်းသောအချိန်ဇယားများ သတ်မှတ်ခြင်းသည်အရေးကြီးပါသည်။ ဆုံးဖြတ်ချက်ချရာတွင် MEL သတင်းအချက်အလက်များ အသုံးပြုခြင်းအတွက် ရှင်းလင်းမြင်သာသော အစီရင်ခံမှုအချိန်ဇယားများ လိုအပ်ပါသည်။ မျှော်မှန်းထားသည့် အစီရင်ခံခြင်းအချိန်ဇယားများမှာ:

- **သုံးလပါတ်:** လုပ်ငန်းများအားစောင့်ကြည့်လေ့လာခြင်း၊ ပြောင်းလဲမှုဆိုင်ရာသီအိုရီအပေါ်ဆင်ခြင်သုံးသပ်မှုများ၊ မျက်ခြေမပြတ်စောင့်ကြည့်လျက်ရှိသည့် အချက်အလက်များနှင့်ကျိုးကြောင်းဆက်နွယ်မှုပြမှုဘောင်တို့၏ လက်ရှိ အခြေအနေများ၊ လေ့လာသင်ယူခြင်းအတွက် ကနဦးဆင်ခြင်သုံးသပ်မှုများ စသည်တို့ပါဝင်သည့် အစီရင်ခံစာများ ဖြစ်သည်။
- **ခြောက်လပါတ်:** လေ့လာတွေ့ရှိခဲ့သည့် သိသာထင်ရှားသောပြောင်းလဲမှုများနှင့်ချိတ်ဆက်၍ ပြောင်းလဲမှုဆိုင်ရာ သီအိုရီနှင့်လေ့လာသင်ယူခြင်းဆိုင်ရာ မေးခွန်းများအပေါ်တွင် ပိုမိုနက်နဲသောဆင်ခြင်သုံးသပ်မှုများ ပါဝင်သည်။
- **နှစ်ပါတ်လည်:** သင့်တော်သည့် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွဆောင်ရွက်သော MEL လုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း

ယခင်အတွေ့အကြုံများအရ အချို့သော စီမံကိန်းစီမံခန့်ခွဲခြင်းနှင့် MEL ဆိုင်ရာသတင်းအချက်အလက်များအား အခြားပြင်ပ နည်းလမ်းများဖြင့်၊ ဥပမာ-ဖုန်းဖြင့်ဆက်သွယ်၍သော်လည်းကောင်း ရရှိနိုင်ရန်လိုအပ်မည်ဟု မျှော်လင့်ပါသည်။ PSF သည် ထိုသို့ပြုလုပ်ခြင်းအတွက် အပြည့်အဝလိုက်လျောညီထွေရှိသော်လည်း တစ်ခါတစ်ရံတွင် ပံ့ပိုးပေးသည့်အဖွဲ့ကအချို့ အချက်အလက်ပုံစံများကိုဖြည့်သွင်းသည်ဟု အဓိပ္ပါယ်သက်ရောက်စေပါသည်။ သင့်စီမံကိန်းအနေဖြင့် MEL သတင်း အချက်အလက်များအသုံးပြုကာ တိုးတက်မှုနှင့်အခက်အခဲစိန်ခေါ်မှုများကိုဆွေးနွေးနိုင်မည့် ပုံမှန်အစည်းအဝေးများ ပြုလုပ် ဆောင်ရွက်ရန်လိုအပ်ပါသည်။

## ၉။ စီမံကိန်းများအတွက်အသုံးဝင်သော အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များနှင့် ထိတွေ့ဆောင်ရွက်ပါ

ပေါင်းစည်းလုပ်ငန်းအဖွဲ့သည် တိုင်ပင်ဆွေးနွေးအကြံပြုချက်များနှင့်အတူ စီမံကိန်းများအပေါ်မူတည်၍ မတူညီသော၊ တီထွင်ဆန်းသစ်သော အကဲဖြတ်ဆန်းစစ်သည့် နည်းလမ်းများအား ထည့်သွင်းစဉ်းစားခြင်းကို ကန့်သတ်မထားပါ။

- **သရုပ်ပြပုံစံအကဲဖြတ်ဆန်းစစ်ခြင်း၊** စီမံကိန်းများပိုမိုတိုးတက်စေရန် အချိန်နှင့်တပြေးညီကူညီနိုင်ရေးအတွက် ပေါင်းစည်းလုပ်ငန်းအဖွဲ့သည် အကဲဖြတ်ဆန်းစစ်ခြင်းများကို စီမံကိန်းပြီးဆုံးချိန်တွင်သာမဟုတ်ပဲ မကြာခဏ အသုံးပြုသွားမည်ဖြစ်သည်။ ၎င်းသည် စီမံကိန်းတစ်ခုတွင် အကဲဖြတ်ဆန်းစစ်ခြင်းအထောက်အပံ့အတွက် ပိုမိုစောစီးစွာ အပ်နှံတာဝန်ပေးပြီး တွေ့ရှိချက်များကိုအကောင်အထည်ဖော်ရန်အတွက် အကြံပေးပုဂ္ဂိုလ်က ရေရှည်ပံ့ပိုး ပေးသွားခြင်းဟုဆိုနိုင်ပါသည်။

- **စုစည်းတင်ပြမှုပုံစံအကဲဖြတ်ဆန်းစစ်ခြင်း:** ပေါင်းစည်းလုပ်ငန်းအဖွဲ့သည် စီမံကိန်း၏အကျိုးသက်ရောက်မှု (Impact) ကိုသုံးသပ်နိုင်ရန်အတွက်လည်း အကဲဖြတ်ဆန်းစစ်ခြင်းများကို အသုံးပြုသွားမည်ဖြစ်သည်။ ၄င်းအကဲဖြတ်ဆန်းစ စ် ခြင်းများကို ကောင်းမွန်စွာ ဆောင်ရွက်ပြီးစီးရန်အတွက် အစောပိုင်းအဆင့်ကတည်းက စီမံကိန်းနှင့်အတူ ဆောင်ရွက်လာခဲ့သော အကဲဖြတ်ဆန်းစစ်သူများ မကြာခဏပါဝင်လိမ့်မည်ဖြစ်သည်။ အကျိုးသက်ရောက်မှုကို အကဲဖြတ်ဆန်းစစ်ခြင်း (သို့) သီအိုရီ အခြေပြု ဆန်းစစ်ခြင်းဖြစ်နိုင်ပါသည်။

အကဲဖြတ်ဆန်းစစ်ခြင်းများသည် ယေဘုယျအကဲဖြတ်ဆန်းစစ်ခြင်းစံနှုန်းများအပေါ် ဆောင်ရွက်ခြင်းထက်တိကျသော မေးခွန်းများ ဦးတည်ချမှတ်ဆောင်ရွက်ခြင်းအား မျှော်လင့်ပါသည်။ ကုန်ကျစရိတ်မြင့်မားသော အကဲဖြတ်ဆန်းစစ်ခြင်းများအတွက် ပေါင်းစည်းလုပ်ငန်းအဖွဲ့က ရန်ပုံငွေအပြည့်အဝပံ့ပိုးပေးနိုင်မည် မဟုတ်သော်လည်း တိကျခိုင်မာသော အကဲဖြတ်ဆန်းစစ်ခြင်းများအတွက် သုတေသနပြုသူများ(သို့) အကဲဖြတ်ဆန်းစစ်ရေးအဖွဲ့အစည်းများနှင့် မိတ်ဖက် ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် အကူအညီပေးသွားမည်ဖြစ်ပါသည်။

## ၁၀။ အခြားသူများနှင့်အတူလေ့လာသင်ယူခြင်း

ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့များအားလုံးသည် အသိပညာဗဟုသုတများကြွယ်ဝကြသည်ဖြစ်ရာ ပေါင်းစည်းလုပ်ငန်းအဖွဲ့အနေဖြင့် သင်တို့ထံမှလေ့လာသင်ယူလိုပြီး တစ်ဦးမှတစ်ဦးလေ့လာသင်ယူခြင်းများတွင်လည်း ပံ့ပိုးကူညီလိုပါသည်။ လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများ၊ ပြဿနာကိစ္စရပ်များနှင့် အဖွဲ့တည်ရှိရာနေရာများပေါ်မူတည်၍ ပေါင်းစည်းလုပ်ငန်းအဖွဲ့ကစီမံဆော်သြစုစည်းသွားမည်ဖြစ်ပါသည်။ ပေါင်းစည်းလုပ်ငန်းအဖွဲ့သည် မိမိတို့၏မိတ်ဖက်အဖွဲ့အစည်းတစ်ခုခုမှ အခြားတစ်ဖွဲ့သို့ပံ့ပိုးကူညီမှုပေးရာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ လမ်းညွှန်ပေးခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းဆိုင်ရာဆက်နွယ်မှုများအတွက်သော်လည်းကောင်း အကြံဉာဏ်ပေးခြင်းများအား ပေါင်းစည်းလုပ်ငန်းအဖွဲ့အနေဖြင့် ကန့်သတ်ထားခြင်းမရှိပဲကြိုဆိုပါသည်။

## ဆက်သွယ်ရန်

သင့်အဆိုပြုလွှာတွင်ပါဝင်သည့် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်း၊လေ့လာသင်ယူခြင်း (MEL) နှင့်စပ်လျဉ်းသည့်အကူအညီများအတွက် ပေါင်းစည်းလုပ်ငန်းအဖွဲ့သို့ဆက်သွယ်နိုင်ပါသည်။ ခင်ဇာလှိုင်း kzh@paungsiefacility.org သို့အီးမေးလ်ပေးပို့ အကူအညီရယူနိုင်ပါသည်။